# သတိပြုဖွယ် E-စီးကရက် အန္တရာယ်

## E-စီးကရက်ဆိုသည်မှာ -

E-စီးကရက်ဆိုသည်မှာ လျှပ်စစ်ပစ္စည်းကိရိယာတစ်ခုဖြစ်ပြီး ၎င်းအတွင်းသို့ ဆေးရည်တစ်မျိုးမျိုးကို ထည့်သွင်း အပူပေးရာမှတဆင့် လေထဲသို့ ဆေးလိပ်ငွေ့ကဲ့သို့သော အငွေ့များထုတ်လွှတ်ပေးနိုင်သော ဆေးလိပ်/ စီးကရက်ကဲ့သို့ အသုံးပြုသောက်သုံးနိုင်သည့် ပစ္စည်းဖြစ်ပါသည်။

## E-စီးကရက် ပုံစံအမျိုးမျိုး

E-စီးကရက်သည် ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး ရှိပါသည်။
(ဥပမာ - USB Flash Drive ပုံစံ)
အတွင်းဘက်တွင် ပြန်လည်အားဖြည့်သွင်းနိုင်သော ဘက်ထရီ (သို့မဟုတ်) ဓာတ်ခဲ၊ အပူပေးပစ္စည်းနှင့် ဆေးရည်ထည့်သော နေရာတို့ ပါရှိပါသည်။

E-စီးကရက် ပုံစံအမျိုးမျိုး



## E-စီးကရက် အသုံးပြုပုံ


E-စီးကရက် သောက်သုံးသူများသည် ပုံမှန် ဆေးလိပ်/ စီးကရက်များ သောက်သုံးသကဲ့သို့ E-စီးကရက်မှ ထွက်လာသော အငွေ့များကို အဆုတ်အတွင်းသို့ ရှူ၍ ရှိုက်သွင်း သောက်သုံးရပါသည်။

E-စီးကရက်၏ အစိတ်အပိုင်းများ




## E-စီးကရက်အငွေ့တွင် ပါဝင်သော အန္တရာယ်ရှိပစ္စည်းများ

အငွေ့ပျံလွယ်သော အော်ဂဲနစ်ဒြပ်ပေါင်းများ 

နီကိုတင်း 

 သာမန်မျက်စိဖြင့် မမြင်နိုင်သော အမှုန်များ

ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများ 

 နီကယ်၊ သံဖြူ၊ ခဲသား စသည့် သတ္တုပစ္စည်းများ

 အဆုတ်ကို ဆိုးရွားစွာ ထိခိုက်စေနိုင်သည့် ရနံ့အရသာပေးသော ဓာတုပစ္စည်းများ

## E-စီးကရက်၏ ဘေးထွက်ဆိုးကျိုးများ

- စီးကရက်အပါအဝင် အခြားဆေးလိပ်/ ဆေးရွက်ကြီးထုတ်ကုန် ပစ္စည်းများကဲ့သို့ပင် သုံးစွဲသူကို စွဲလမ်းစေတတ်သော နီကိုတင်းဓာတ်များ လွန်ကဲစွာပါဝင်ပါသည်။
  နောက်ဆက်တွဲဆိုးကျိုးများအနေနှင့် **(အထူးသဖြင့် လူငယ်များတွင်)** -
  - ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်း
  - အာရုံစူးစိုက်နိုင်မှု ကျဆင်းလာခြင်း
  - သင်ယူနိုင်စွမ်းရည် နည်းပါးလာခြင်း တို့ ဖြစ်ပေါ်စေနိုင်ပါသည်။
- E-စီးကရက်ငွေ့တွင် ပါဝင်သော ဓာတုပစ္စည်းများသည် ရေရှည်တွင် အဆုတ်ကိုထိခိုက်ပျက်စီးစေသကဲ့သို့ နောက်ဆက်တွဲကင်ဆာရောဂါများကိုလည်း ဖြစ်ပွားစေနိုင်ပါသည်။
- E-စီးကရက်အတွင်းရှိ ဘက်ထရီရွှတ်ယွင်းပြီး ပေါက်ကွဲခြင်းမှ ပြင်းထန်သော ထိခိုက်ဒဏ်ရာများ ရရှိနိုင်ပါသည်။
- E-စီးကရက်အရည် (Vape) ကို မတော်တဆသောက်မိခြင်း၊ တိုက်ရိုက်ရှူမိခြင်း၊ မျက်စိထဲ ဝင်ရောက်ခြင်းနှင့် အရေပြားပေါ်ထိခြင်းတို့ကြောင့် အန္တရာယ်ဖြစ်စေပြီး ကလေးငယ်များတွင် အသက်ဆုံးရှုံးသည် အထိဖြစ်စေနိုင်ပါသည်။
- E-စီးကရက်သောက်သုံးသူများထံမှ ထွက်လာသော အငွေ့များသည် ပတ်ဝန်းကျင်မှလူအများကို ရှူရှိုက်မိစေပြီး အန္တရာယ်ဖြစ်စေပါသည်။

E-စီးကရက်ဆေးရည်အမျိုးမျိုး ထည့်သွင်းအသုံးပြုခြင်းအပြင် ဆေးခြောက်နှင့် အခြားမူးယစ်စေတတ်သောအရာများကိုပါ ထည့်သွင်းအသုံးပြုသောက်ရှူနိုင်သဖြင့် မူးယစ်ဆေးဝါး စွဲလမ်းမှုနှင့် နောက်ဆက်တွဲပြဿနာများကိုပါ ဖြစ်ပွားစေနိုင်ပါသည်။

**စီးကရက် အပါအဝင် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်ကုန်ပစ္စည်းများကဲ့သို့ ကျန်းမာရေးကို အလွန်ဆိုးဝါးစွာ ထိခိုက်စေနိုင်ပါသဖြင့် E-စီးကရက်သုံးစွဲခြင်းမှ လုံးဝ(လုံးဝ)ရှောင်ကြဉ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**